ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၇ -၂၀၁၈ ဘဏ္ဍာနှစ်

# ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေ

၂၀၁၇ ခုနှစ် ၊ မတ်လ

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ၊ ဒေသန္တရ စီမံကိန်း ဥပဒေ

( ၂၀၁၇ ခုနှစ် ၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၃ )

၁၃၇၈ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ( ၁၀ ) ရက်

( ၂၀၁၇ ခုနှစ် ၊ မတ် လ ၂၂ ရက် )

မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | ၂ | ၃ | ၄ |
| ၁ | အခန်း(၁)အမည်၊စတင်အာဏာတည်ခြင်းနှင့်အဓိပ္ပါယ်ဖော်ပြချက် | ၁ | ၃ |
| ၂ | အခန်း(၂) စီမံကိန်းရည်မှန်းချက်များ | ၃ | ၆ |
| ၃ | အခန်း(၃) အထွေထွေ | ၆ | ၇ |

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ၊ ရှမ်းပြည်နယ် ဒေသန္တရ စီမံကိန်း ဥပဒေ

## ( ၂၀၁၇ ခုနှစ် ၊ ရှမ်းပြည်နယ်လွှတ်တော် ဥပဒေအမှတ် ၃ )

## ၁၃၇၈ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ( ၁၀ ) ရက်

## ( ၂၀၁၇ ခုနှစ် ၊ မတ် လ ၂၂ ရက် )

## နိဒါန်း

နိုင်ငံတော်၏ စီးပွားရေးမူဝါဒ(၁၂)ရပ်နှင့် ရှမ်းပြည်နယ်၏ ရည်မှန်းချက်များဖြစ်သော ပြည်နယ်အတွင်း စားနပ်ရိက္ခာ ဖူလုံပိုလျှံစေရေးနှင့် စိုက်ပျိုးရေး အခြေခံသော စက်မှုလုပ်ငန်းများ ဘက်ညီစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပြည်နယ်အတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုနိုင်သည့် အခြေခံအဆောက်အအုံ လုပ်ငန်းများ ဦးစားပေး ဆောင်ရွက်ရေး၊ အလုပ်အကိုင် အခွင့်အလမ်းမြင့်မားသော စီးပွားရေးလုပ်ငန်းများနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အကူ ပြုသည့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို ပံ့ပိုးကူညီရေး ၊ ပြည်နယ်အတွင်းလူထုတစ်ရပ်လုံး ရရှိခံစားနိုင်မည့် လူမှုစီးပွားနယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်စေရေး၊ သဘာဝပတ်ဝန်းကျင်ကို အခြေခံသောခရီးသွားလုပ်ငန်း မြှင့်တင်ခြင်းဖြင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေရေး ၊ ပြည်နယ်အတွင်း ပုဂ္ဂလိကကဏ္ဍ တိုးတက်ရေးအတွက် နိုင်ငံသားတိုင်း မိမိ လုပ်ကိုင်လိုသည့် စီးပွားရေး လုပ်ငန်းများကို လွတ်လပ်စွာ လုပ်ကိုင်ခွင့် ရရှိစေရန်နှင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်စေရေးတို့ကို အကောင်အထည်ဖော်နိုင်ရန် အလို့ငှာ ရှမ်းပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း( ၁ )

## အမည် ၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရှမ်းပြည်နယ် ဒေသန္တရစီမံကိန်း ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် ၂၀၁၇ ခုနှစ် ဧပြီလ(၁)ရက်နေ့မှစတင်၍ ရှမ်းပြည်နယ်တစ်ဝန်းလုံးတွင် အာဏာတည်စေရမည်။

၂။ ဤဥပဒေသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အထိ ဒုတိယကာလတိုငါးနှစ်စီမံကိန်း၏ ဒုတိယနှစ်အတွက် ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း ဥပဒေ ဖြစ်သည်။

၃။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဒေသန္တရစီမံကိန်း** ဆိုသည်မှာ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ရှမ်းပြည်နယ်၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သော ရည်မှန်းချက် များ နှင့် လုပ်ငန်းအစီအစဉ်များကိုဆိုသည်။

(ခ) **စီမံကိန်းရည်မှန်းချက်** ဆိုသည်မှာ သတ်မှတ်ကာလအတွင်း စီးပွားရေးကဏ္ဍများအလိုက် ဆောင်ရွက်ရမည့် အချက်အလက်များကိုဆိုသည်။

(ဂ) **နှစ်ကုန်ခန့်မှန်းခြေ** ဆိုသည်မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွက် နှစ်ကုန်တွင် အကောင်အထည်ဖော်နိုင်မည့် အခြေအနေကို ပထမ(၆)လပတ် အမှန်အကောင်အထည်ဖော်နိုင်မှုနှင့် ဒုတိယ(၆)လပတ် အကောင်အထည် ဖော်နိုင်မည့်အပေါ် ပေါင်းစပ်ခန့်မှန်း ထားခြင်းကို ဆိုသည်။

(ဃ) **ပုံမှန်ဈေးနှုန်း** ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းကိုဆိုသည်။

(င) **နှစ်အလိုက်ဈေးနှုန်း** ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများ၏ ဈေးနှုန်းကိုဆိုသည်။

(စ) **ကဏ္ဍ** ဆိုသည်မှာ ထုတ်လုပ်သောကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု အမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍ(၁၄)ကဏ္ဍအနက် ကဏ္ဍတစ်ရပ်ရပ်ကို ဆိုသည်။

(ဆ) **ကဏ္ဍကြီး**ဆိုသည်မှာရှမ်းပြည်နယ်အနေဖြင့် စွမ်းအင်ကဏ္ဍမှလွဲ၍ စီးပွားရေးကဏ္ဍ (၁၃) ခု ကို လုပ်ငန်းသဘောသဘာဝတူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်း ဖြစ်သည်။ယင်းတွင် လယ်ယာကဏ္ဍကြီး (လယ်ယာ၊သားငါး၊သစ်တောကဏ္ဍများ) ၊ စက်မှုကဏ္ဍကြီး (သတ္တုနှင့် တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓါတ်အား၊

ဆောက်လုပ်မှုကဏ္ဍများ)၊ ဝန်ဆောင်မှုကဏ္ဍကြီး (ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု၊ ကုန်သွယ်မှုကဏ္ဍများ) ဟူ၍ ခွဲခြားထားခြင်းကိုဆိုသည်။

(ဓ) **သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများ** ဆိုသည်မှာ ရှမ်းပြည်နယ်ဒေသန္တရ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်သည့် သက်ဆိုင်ရာ ပြည်နယ်အဆင့် ဌာနနှင့် အဖွဲ့ အစည်းများ ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့်ဒေသဦးစီးအဖွဲ့များကို ဆိုသည်။

## အခန်း(၂)

## စီမံကိန်းရည်မှန်းချက်များ

၄။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်ဒေသန္တရစီမံကိန်း၏ အဓိကကျသည့် စီမံကိန်း ရည်မှန်းချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု တန်ဖိုး(ဂျီဒီပီ) ကို နှစ်အလိုက်ဈေးနှုန်းများအရ ကျပ် ၅,၄၂၂,၁၁၀.၅ သန်း ရရှိရန်နှင့် ၁၁.၂ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ခ) ကဏ္ဍတစ်ခုချင်း အလိုက် နှစ်အလိုက်ဈေးနှုန်းများအရ-

(၁) လယ်ယာကဏ္ဍတွင် ကျပ် ၁,၃၇၄,၄၈၇.၅ သန်း ဖြစ်ပြီး ၄.၂ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(၂) သားငါးကဏ္ဍတွင် ကျပ် ၄၁၈,၉၇၆.၉ သန်း ဖြစ်ပြီး ၁၀.၃ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(၃) သစ်တောကဏ္ဍတွင် ကျပ် ၇,၃၅၅.၂ သန်း ဖြစ်ပြီး ၅၁.၀ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(၄) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ကျပ် ၁၂၈,၅၆၆.၀ သန်း ဖြစ်ပြီး ၁၂.၆ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန် ၊

(၅) စက်မှုလက်မှုကဏ္ဍတွင် ကျပ် ၆၂၈,၈၆၆.၄ သန်း ဖြစ်ပြီး ၁၆.၄ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(၆) လျှပ်စစ်ဓာတ်အားကဏ္ဍတွင် ကျပ် ၈၀,၉၇၄.၆ သန်း ဖြစ်ပြီး ၇.၉ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(၇) ဆောက်လုပ်မှုကဏ္ဍတွင် ကျပ် ၅၅၇,၇၅၂.၃ သန်း ဖြစ်ပြီး ၁၄.၀ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(၈) ပို့ဆောင်ရေးကဏ္ဍတွင် ကျပ် ၃၆၅,၈၆၃.၇ သန်း ဖြစ်ပြီး ၆.၉ ရာခိုင်နှုန်း ပြောင်းလဲ ဖြစ်ပေါ်ရန်၊

(၉) ဆက်သွယ်ရေးကဏ္ဍတွင် ကျပ် ၁၂၃,၉၂၆.၄ သန်း ဖြစ်ပြီး ၄.၈ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(၁၀) ငွေရေးကြေးရေးကဏ္ဍတွင် ကျပ် ၉,၃၉၉.၅ သန်း ဖြစ်ပြီး ၁၁.၀ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန် ၊

(၁၁) လူမှုရေးနှင့်စီမံခန့်ခွဲရေး ကဏ္ဍတွင် ကျပ် ၁၅၆,၇၄၈.၂ သန်း ဖြစ်ပြီး ၃.၄ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(၁၂) ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍတွင် ကျပ် ၄၃၁,၄၃၈.၃ သန်း ဖြစ်ပြီး ၁၇.၉ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(၁၃) ကုန်သွယ်မှုကဏ္ဍတွင် ကျပ် ၁,၁၃၇,၇၅၅.၅ သန်း ဖြစ်ပြီး ၁၇.၄ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန် ၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသအလိုက် နှစ်အလိုက်ဈေးနှုန်းများအရ -

(၁) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကျပ် ၃၃၀,၉၉၆.၁ သန်း ဖြစ်ပြီး ၈.၂ ရာခိုင်နှုန်း ပြောင်းလဲ ဖြစ်ပေါ်ရန်၊

(၂) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကျပ် ၁၈၆,၆၀၆.၀ သန်း ဖြစ်ပြီး ၁၀.၂ ရာခိုင်နှုန်း ပြောင်းလဲ ဖြစ်ပေါ်ရန်၊

(၃) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကျပ် ၉၁,၉၅၆.၇ သန်း ဖြစ်ပြီး ၂၅.၀ ရာခိုင်နှုန်းပြောင်းလဲ ဖြစ်ပေါ်ရန်၊

(၄) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ကျပ် ၉၂,၅၁၉.၃သန်း ဖြစ်ပြီး ၁၁.၇ ရာခိုင်နှုန်း ပြောင်းလဲ ဖြစ်ပေါ်ရန်၊

(၅) 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် ကျပ် ၂၉၇,၅၀၉.၁ သန်း ဖြစ်ပြီး ၁၀.၄ ရာခိုင်နှုန်း ပြောင်းလဲဖြစ်ပေါ်ရန်၊

(ဃ) ရှမ်းပြည်နယ်၏ စုစုပေါင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး ( ဂျီဒီပီ ) ကို ၂၀၁၀ - ၂၀၁၁ ဘဏ္ဍာနှစ် ပုံမှန်ဈေးနှုန်းများအရ ၅.၈ ရာခိုင်နှုန်း တိုးတက်ရန်၊

(င) ကဏ္ဍတစ်ခုချင်း အလိုက် ပုံမှန်ဈေးနှုန်းများအရ -

(၁) လယ်ယာကဏ္ဍတွင် ၃.၂ ရာခိုင်နှုန်း တိုးတက်ရန်၊

(၂) သားငါးကဏ္ဍတွင် ၅.၅ ရာခိုင်နှုန်း တိုးတက်ရန်၊

(၃) သစ်တောကဏ္ဍတွင် ၄၄.၁ ရာခိုင်နှုန်းတိုးတက်ရန်၊

(၄) သတ္တုနှင့်တွင်းထွက်ပစ္စည်းကဏ္ဍတွင် ၉.၄ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) စက်မှုလက်မှုကဏ္ဍတွင် ၇.၈ ရာခိုင်နှုန်းတိုးတက်ရန်၊

(၆) လျှပ်စစ်ဓါတ်အားကဏ္ဍတွင် ၈.၄ ရာခိုင်နှုန်းတိုးတက်ရန်၊

(၇) ဆောက်လုပ်မှုကဏ္ဍတွင် ၅.၆ ရာခိုင်နှုန်းတိုးတက်ရန်၊

(၈) ပို့ဆောင်ရေးကဏ္ဍတွင် ၅.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၉) ဆက်သွယ်ရေးကဏ္ဍတွင် ၄.၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၀) ငွေရေးကြေးရေးကဏ္ဍတွင် ၁၁.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၁) လူမှုရေးနှင့်စီမံခန့်ခွဲရေးကဏ္ဍတွင် ၃.၄ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၂) ငှားရမ်းခနှင့်အခြားဝန်ဆောင်မှုကဏ္ဍတွင် ၉.၂ ရာခိုင်နှုန်းတိုးတက်ရန်၊

(၁၃) ကုန်သွယ်မှုကဏ္ဍတွင် ၆.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(စ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသအလိုက် ပုံမှန်ဈေးနှုန်းများအရ -

(၁) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၃.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၂) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၅.၅ ရာခိုင်နှုန်းတိုးတက်ရန်၊

(၃) ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၁၆.၀ ရာခိုင်နှုန်းတိုးတက်ရန်၊

(၄) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ၅.၉ ရာခိုင်နှုန်းတိုးတက်ရန်၊

(၅) ‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းတွင် ၄.၃ ရာခိုင်နှုန်းတိုးတက်ရန်၊

(ဆ) စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးတွင် နှစ်အလိုက်ဈေးနှုန်းများ အရ လယ်ယာကဏ္ဍကြီး၏ပါဝင်မှုအချိုးအစားကို ၃၄.၉ ရာခိုင်နှုန်း မှ ၃၃.၂ ရာခိုင်နှုန်း သို့လည်းကောင်း၊ စက်မှုကဏ္ဍကြီး၏ပါဝင်မှု အချိုးအစားကို ၂၄.၉ ရာခိုင်နှုန်းမှ ၂၅.၈ ရာခိုင်နှုန်းသို့လည်းကောင်း၊ဝန်ဆောင်မှုကဏ္ဍကြီး၏ပါဝင်မှု အချိုးအစားကို ၄၀.၂ ရာခိုင်နှုန်းမှ ၄၁.၀ ရာခိုင်နှုန်းသို့လည်းကောင်း အသီးသီးဖြစ်ပေါ်ရန်၊

(ဇ) ထုတ်လုပ်မှုကဏ္ဍတွင် ပါဝင်မှုအချိုးအစားကို ၅၉.၈ ရာခိုင်နှုန်းမှ ၅၈.၉ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍတွင် ၂၀.၂ ရာခိုင်နှုန်း မှ ၂၀.၁ ရာခိုင်နှုန်း၊ ကုန်သွယ်မှုကဏ္ဍတွင် ၂၀.၀ ရာခိုင်နှုန်းမှ ၂၁.၀ ရာခိုင်နှုန်းအသီးသီးဖြစ်ပေါ်ရန်၊

(ဈ) လူတစ်ဦးစီ၏ပျမ်းမျှထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုး( Per Capita GDP) မှာ နှစ်အလိုက်ဈေးနှုန်းများအရကျပ် ၈၇၆,၂၃၀ သို့ဖြစ်ပေါ်လာစေရန်

(ည) ရှမ်းပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ရင်းနှီးမြှုပ်နှံမှု ငွေလုံးငွေရင်း အသုံးစရိတ် ကျပ် ၁၆၄,၈၉၉.၉၀၉ သန်း (ကျပ်ဘီလီယံ ၁၆၄.၉၀၀) ရင်းနှီးမြှုပ်နှံရန်

## အခန်း( ၃ )

## အထွေထွေ

၅။ သက်ဆိုင်ရာဌာနနှင့် အဖွဲ့အစည်းများသည် ပုဒ်မခွဲ (၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) တို့တွင် ဖော်ပြထားသော ဒေသန္တရစီမံကိန်း ရည်မှန်းချက်များကို အဆက်အစပ်မိမိ ပေါင်းစပ်ဖွဲ့စည်း အကောင်အထည်ဖော်ကြရန်ဖြစ်သည်။ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း များအလိုက်၊ ဒေသအလိုက်လိုအပ်သော လုပ်ငန်းအစီအစဉ်များနှင့် ညွှန်ကြားချက်များကို အသေးစိတ် ရေးဆွဲဆောင်ရွက်နိုင်သည်။

၆။ သက်ဆိုင်ရာဌာနနှင့်အဖွဲ့အစည်းများသည် ဤဥပဒေအရ ထုတ်ပြန်သည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရင်းနှီးမြှုပ်နှံမှုလျာထားချက်တွင် ပါရှိသည့် ဆောင်ရွက်မည့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေ၊ နည်းဥပဒေ များ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ရမည်။

၇။ ရှမ်းပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေပါ ပြဋ္ဌာန်းချက်များအရ ယင်းတို့နှင့် သက်ဆိုင်သည့် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာတွင် လိုအပ်သည့် စီစဉ်မှုများ ချမှတ်ကျင့်သုံးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) ဒေါက်တာလင်းထွဋ်

ဝန်ကြီးချုပ်

ရှမ်းပြည်နယ်အစိုးရအဖွဲ့

ပူးတွဲ(၁)

## ရှမ်းပြည်နယ်၏
## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ၊ ဒေသန္တရစီမံကိန်း
## ကဏ္ဍကြီးများအလိုက်စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀ -၂၀၁၁ ဘဏ္ဍာနှစ် ၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ( နှစ်ကုန်ခန့်မှန်းခြေ ) | | ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် ( စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | လယ်ယာကဏ္ဍကြီး | ၁၃၁၉၀၉၉.၄ | ၃၅.၃ | ၁၃၆၉၆၂၀.၅ | ၃၄.၇ | ၃.၈ |
| | ၁ | လယ်ယာ | ၁၀၃၂၉၈၄.၈ | ၂၇.၇ | ၁၀၆၆၀၂၂.၀ | ၂၇.၀ | ၃.၂ |
| | ၂ | သားငါး | ၂၈၁၅၉၈.၇ | ၇.၅ | ၂၉၇၀၉၂.၄ | ၇.၅ | ၅.၅ |
| | ၃ | သစ်တော | ၄၅၁၅.၉ | ၀.၁ | ၆၅၀၆.၁ | ၀.၂ | ၄၄.၁ |
| ၂ | | စက်မှုကဏ္ဍကြီး | ၉၂၄၇၁၂.၃ | ၂၄.၉ | ၉၉၁၉၀၀.၁ | ၂၅.၁ | ၇.၃ |
| | ၁ | စွမ်းအင် | | | | | |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၀၄၄၉၄.၁ | ၂.၈ | ၁၁၄၃၁၆.၈ | ၂.၉ | ၉.၄ |
| | ၃ | စက်မှုလက်မှု | ၄၃၆၀၇၈.၄ | ၁၁.၈ | ၄၇၀၂၃၈.၇ | ၁၁.၉ | ၇.၈ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၆၁၁၆၆.၉ | ၁.၆ | ၆၆၃၀၅.၇ | ၁.၇ | ၈.၄ |
| | ၅ | ဆောက်လုပ်မှု | ၃၂၂၉၇၂.၉ | ၈.၇ | ၃၄၁၀၃၈.၉ | ၈.၆ | ၅.၆ |
| ၃ | | ဝန်ဆောင်မှုကဏ္ဍကြီး | ၁၄၈၇၀၃၃.၈ | ၃၉.၈ | ၁၅၈၄၀၂၄.၈ | ၄၀.၂ | ၆.၅ |
| | ၁ | ပို့ဆောင်ရေး | ၂၈၆၆၀၄.၁ | ၇.၇ | ၃၀၁၅၇၀.၆ | ၇.၆ | ၅.၂ |
| | ၂ | ဆက်သွယ်ရေး | ၁၉၁၁၄၆.၁ | ၅.၁ | ၁၉၉၈၃၉.၁ | ၅.၁ | ၄.၅ |
| | ၃ | ငွေရေးကြေးရေး | ၁၀၉၂၈.၃ | ၀.၃ | ၁၂၁၃၀.၂ | ၀.၃ | ၁၁.၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၆၂၉၄.၁ | ၂.၃ | ၈၉၂၆၅.၈ | ၂.၃ | ၃.၄ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၂၆၂၉၇၂.၁ | ၇.၀ | ၂၈၇၀၈၇.၅ | ၇.၃ | ၉.၂ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၆၄၉၀၈၉.၁ | ၁၇.၄ | ၆၉၄၁၃၁.၆ | ၁၇.၆ | ၆.၉ |
| ၄ | | စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၃၇၃၀၈၄၅.၅ | ၁၀၀.၀ | ၃၉၄၅၅၄၅.၄ | ၁၀၀.၀ | ၅.၈ |

# ရှမ်းပြည်နယ်၏
## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ၊ ဒေသန္တရစီမံကိန်း
## ကဏ္ဍအလိုက်စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (၂၀၁၀ -၂၀၁၁ ဘဏ္ဍာနှစ် ၊ ပုံမှန်စျေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ( နှစ်ကုန်ခန့်မှန်းခြေ ) | | ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တိုးတက်မှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | ထုတ်လုပ်မှုတန်ဖိုး | ၂၂၄၃၈၁၁.၇ | ၆၀.၁ | ၂၃၆၁၅၂၀.၆ | ၅၉.၈ | ၅.၂ |
| | ၁ | လယ်ယာ | ၁၀၃၂၉၈၄.၈ | ၂၇.၇ | ၁၀၆၆၀၂၂.၀ | ၂၇.၀ | ၃.၂ |
| | ၂ | သားငါး | ၂၈၁၅၉၈.၇ | ၇.၅ | ၂၉၇၀၉၂.၄ | ၇.၅ | ၅.၅ |
| | ၃ | သစ်တော | ၄၅၁၅.၉ | ၀.၁ | ၆၅၀၆.၁ | ၀.၂ | ၄၄.၁ |
| | ၄ | စွမ်းအင် | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၀၄၄၉၄.၁ | ၂.၈ | ၁၁၄၃၁၆.၈ | ၂.၉ | ၉.၄ |
| | ၆ | စက်မှုလက်မှု | ၄၃၆၀၇၈.၄ | ၁၁.၇ | ၄၇၀၂၃၈.၇ | ၁၁.၉ | ၇.၈ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၆၁၁၆၆.၉ | ၁.၆ | ၆၆၃၀၅.၇ | ၁.၇ | ၈.၄ |
| | ၈ | ဆောက်လုပ်မှု | ၃၂၂၉၇၂.၉ | ၈.၇ | ၃၄၁၀၃၈.၉ | ၈.၆ | ၅.၆ |
| ၂ | | ဝန်ဆောင်မှုတန်ဖိုး | ၈၃၇၉၄၄.၇ | ၂၂.၄ | ၈၈၉၈၉၃.၂ | ၂၂.၆ | ၆.၂ |
| | ၁ | ပို့ဆောင်ရေး | ၂၈၆၆၀၄.၁ | ၇.၇ | ၃၀၁၅၇၀.၆ | ၇.၆ | ၅.၂ |
| | ၂ | ဆက်သွယ်ရေး | ၁၉၁၁၄၆.၁ | ၅.၁ | ၁၉၉၈၃၉.၁ | ၅.၁ | ၄.၅ |
| | ၃ | ငွေရေးကြေးရေး | ၁၀၉၂၈.၃ | ၀.၃ | ၁၂၁၃၀.၂ | ၀.၃ | ၁၁.၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၈၆၂၉၄.၁ | ၂.၃ | ၈၉၂၆၅.၈ | ၂.၃ | ၃.၄ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၂၆၂၉၇၂.၁ | ၇.၀ | ၂၈၇၀၈၇.၅ | ၇.၃ | ၉.၂ |
| ၃ | | ကုန်သွယ်မှုတန်ဖိုး | ၆၄၉၀၈၉.၁ | ၁၇.၄ | ၆၉၄၁၃၁.၆ | ၁၇.၆ | ၆.၉ |
| ၄ | | စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၃၇၃၀၈၄၅.၅ | ၉၉.၉ | ၃၉၄၅၅၄၅.၄ | ၁၀၀.၀ | ၅.၈ |

ပုံစံ(၃)

# ရှမ်းပြည်နယ်၏

## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ၊ ဒေသန္တရစီမံကိန်း

## ကဏ္ဍကြီးများအလိုက်စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်

## (နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ( နှစ်ကုန်ခန့်မှန်းခြေ ) | | ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | လယ်ယာကဏ္ဍကြီး | ၁၇၀၄၀၆၅.၉ | ၃၄.၉ | ၁၈၀၀၈၁၉.၆ | ၃၃.၂ | ၅.၇ |
| | ၁ | လယ်ယာ | ၁၃၁၉၃၀၉.၈ | ၂၇.၀ | ၁၃၇၄၄၈၇.၅ | ၂၅.၃ | ၄.၂ |
| | ၂ | သားငါး | ၃၇၉၈၈၃.၉ | ၇.၈ | ၄၁၈၉၇၆.၉ | ၇.၇ | ၁၀.၃ |
| | ၃ | သစ်တော | ၄၈၇၂.၂ | ၀.၁ | ၇၃၅၅.၂ | ၀.၂ | ၅၁.၀ |
| ၂ | | စက်မှုကဏ္ဍကြီး | ၁၂၁၈၆၀၂.၁ | ၂၅.၀ | ၁၃၉၆၁၅၉.၃ | ၂၅.၈ | ၁၄.၆ |
| | ၁ | စွမ်းအင် | | | | | |
| | ၂ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၁၄၂၀၉.၂ | ၂.၄ | ၁၂၈၅၆၆.၀ | ၂.၄ | ၁၂.၆ |
| | ၃ | စက်မှုလက်မှု | ၅၄၀၂၁၃.၄ | ၁၁.၁ | ၆၂၈၈၆၆.၄ | ၁၁.၆ | ၁၆.၄ |
| | ၄ | လျှပ်စစ်ဓာတ်အား | ၇၅၀၅၄.၆ | ၁.၅ | ၈၀၉၇၄.၆ | ၁.၅ | ၇.၉ |
| | ၅ | ဆောက်လုပ်မှု | ၄၈၉၁၂၄.၉ | ၁၀.၀ | ၅၅၇၇၅၂.၃ | ၁၀.၃ | ၁၄.၀ |
| ၃ | | ဝန်ဆောင်မှုကဏ္ဍကြီး | ၁၉၅၅၃၁၂.၇ | ၄၀.၁ | ၂၂၂၅၁၃၁.၆ | ၄၁.၀ | ၁၃.၈ |
| | ၁ | ပို့ဆောင်ရေး | ၃၄၂၁၆၇.၂ | ၇.၀ | ၃၆၅၈၆၃.၇ | ၆.၇ | ၆.၉ |
| | ၂ | ဆက်သွယ်ရေး | ၁၁၈၂၇၇.၇ | ၂.၄ | ၁၂၃၉၂၆.၄ | ၂.၂ | ၄.၈ |
| | ၃ | ငွေရေးကြေးရေး | ၈၄၆၈.၄ | ၀.၂ | ၉၃၉၉.၅ | ၀.၂ | ၁၁.၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၅၁၅၂၇.၃ | ၃.၁ | ၁၅၆၇၄၈.၂ | ၂.၉ | ၃.၄ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၃၆၅၉၁၇.၀ | ၇.၅ | ၄၃၁၄၃၈.၃ | ၈.၀ | ၁၇.၉ |
| | ၆ | ကုန်သွယ်မှုတန်ဖိုး | ၉၆၈၉၅၅.၁ | ၁၉.၉ | ၁၁၃၇၇၅၅.၅ | ၂၁.၀ | ၁၇.၄ |
| ၄ | | စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၄၈၇၇၉၈၀.၇ | ၁၀၀.၀ | ၅၄၂၂၁၁၀.၅ | ၁၀၀.၀ | ၁၁.၂ |

ပူးတွဲ(၅)

# ရှမ်းပြည်နယ်၏
## ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ၊ ဒေသန္တရစီမံကိန်း
## ကဏ္ဍအလိုက်စုစုပေါင်းထုတ်လုပ်မှု နှင့် ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
## (နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | | ကဏ္ဍ | ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် (စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|---|
| | | | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | တန်ဖိုး | ပါဝင်မှုအချိုး (ရာခိုင်နှုန်း) | ပြောင်းလဲမှုနှုန်း (ရာခိုင်နှုန်း) |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| ၁ | | ထုတ်လုပ်မှုတန်ဖိုး | ၂၉၂၂၆၆၈.၀ | ၅၉.၈ | ၃၁၉၆၉၇၈.၉ | ၅၈.၉ | ၉.၄ |
| | ၁ | လယ်ယာ | ၁၃၁၉၃၀၉.၈ | ၂၇.၀ | ၁၃၇၄၄၈၇.၅ | ၂၅.၃ | ၄.၂ |
| | ၂ | သားငါး | ၃၇၉၈၈၃.၉ | ၇.၈ | ၄၁၈၉၇၆.၉ | ၇.၇ | ၁၀.၃ |
| | ၃ | သစ်တော | ၄၈၇၂.၂ | ၀.၁ | ၇၃၅၅.၂ | ၀.၁ | ၅၁.၀ |
| | ၄ | စွမ်းအင် | | | | | |
| | ၅ | သတ္တုနှင့်တွင်းထွက်ပစ္စည်း | ၁၁၄၂၀၉.၂ | ၂.၃ | ၁၂၈၅၆၆.၀ | ၂.၄ | ၁၂.၆ |
| | ၆ | စက်မှုလက်မှု | ၅၄၀၂၁၃.၄ | ၁၁.၁ | ၆၂၈၈၆၆.၄ | ၁၁.၆ | ၁၆.၄ |
| | ၇ | လျှပ်စစ်ဓာတ်အား | ၇၅၀၅၄.၆ | ၁.၅ | ၈၀၉၇၄.၆ | ၁.၅ | ၇.၉ |
| | ၈ | ဆောက်လုပ်မှု | ၄၈၉၁၂၄.၉ | ၁၀.၀ | ၅၅၇၇၅၂.၃ | ၁၀.၃ | ၁၄.၀ |
| ၂ | | ဝန်ဆောင်မှုတန်ဖိုး | ၉၈၆၃၅၇.၆ | ၂၀.၂ | ၁၀၈၇၃၇၆.၁ | ၂၀.၁ | ၁၀.၂ |
| | ၁ | ပို့ဆောင်ရေး | ၃၄၂၁၆၇.၂ | ၇.၀ | ၃၆၅၈၆၃.၇ | ၆.၇ | ၆.၉ |
| | ၂ | ဆက်သွယ်ရေး | ၁၁၈၂၇၇.၇ | ၂.၄ | ၁၂၃၉၂၆.၄ | ၂.၃ | ၄.၈ |
| | ၃ | ငွေရေးကြေးရေး | ၈၄၆၈.၄ | ၀.၂ | ၉၃၉၉.၅ | ၀.၂ | ၁၁.၀ |
| | ၄ | လူမှုရေးနှင့်စီမံခန့်ခွဲရေး | ၁၅၁၅၂၇.၃ | ၃.၁ | ၁၅၆၇၄၈.၂ | ၂.၉ | ၃.၄ |
| | ၅ | ငှားရမ်းခနှင့်အခြားဝန်ဆောင်မှု | ၃၆၅၉၁၇.၀ | ၇.၅ | ၄၃၁၄၃၈.၃ | ၈.၀ | ၁၇.၉ |
| ၃ | | ကုန်သွယ်မှုတန်ဖိုး | ၉၆၈၉၅၅.၁ | ၂၀.၀ | ၁၁၃၇၇၅၅.၅ | ၂၁.၀ | ၁၇.၄ |
| ၄ | | စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး | ၄၈၇၇၉၈၀.၇ | ၁၀၀.၀ | ၅၄၂၂၁၁၀.၅ | ၁၀၀.၀ | ၁၁.၂ |

# ရှမ်းပြည်နယ်၊ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများ၏
# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအရ
# စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက်
# (၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်၊ ပုံမှန်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | ပြည်နယ်/ခရိုင် | ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ( စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (%) | တန်ဖိုး | ပါဝင်မှုအချိုး (%) | တိုးတက်မှုနှုန်း (%) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ** | | | | | |
| ၁ | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၂၁၆၈၄၀.၄ | ၅.၈ | ၂၂၅၂၇၂.၅ | ၅.၇ | ၃.၉ |
| ၂ | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၁၃၂၁၉၅.၈ | ၃.၅ | ၁၃၉၄၆၅.၉ | ၃.၅ | ၅.၅ |
| ၃ | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၅၉၆၆၃.၆ | ၁.၆ | ၆၉၁၉၀.၃ | ၁.၈ | ၁၆.၀ |
| ၄ | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၆၀၆၅၈.၉ | ၁.၆ | ၆၄၂၄၉.၄ | ၁.၆ | ၅.၉ |
| ၅ | ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း | ၂၀၈၉၅၅.၉ | ၅.၆ | ၂၁၇၈၉၁.၆ | ၅.၅ | ၄.၃ |

ပူးတွဲ(၆)

## ရှမ်းပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသများ၏ ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းအရ စုစုပေါင်းထုတ်လုပ်မှုနှင့်ဝန်ဆောင်မှုတန်ဖိုးရည်မှန်းချက် (နှစ်အလိုက်ဈေးနှုန်းများအရ)

(တန်ဖိုး-ကျပ်သန်း)

| အမှတ်စဉ် | တိုင်းဒေသကြီး/ခရိုင် | ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် (နှစ်ကုန်ခန့်မှန်းခြေ) | | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ( စီမံကိန်းရည်မှန်းချက်) | | |
|---|---|---|---|---|---|---|
| | | တန်ဖိုး | ပါဝင်မှုအချိုး (%) | တန်ဖိုး | ပါဝင်မှုအချိုး (%) | ပြောင်းလဲမှုနှုန်း (%) |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ |
| | **ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ** | | | | | |
| ၁ | ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၃၀၅၈၁၀.၆ | ၆.၃ | ၃၃၀၉၉၆.၁ | ၆.၁ | ၈.၂ |
| ၂ | ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၁၆၉၂၉၁.၀ | ၃.၅ | ၁၈၆၆၀၆.၀ | ၃.၄ | ၁၀.၂ |
| ၃ | ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၇၃၅၅၄.၀ | ၁.၅ | ၉၁၉၅၆.၇ | ၁.၇ | ၂၅.၀ |
| ၄ | ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | ၈၂၈၃၆.၆ | ၁.၇ | ၉၂၅၁၉.၃ | ၁.၇ | ၁၁.၇ |
| ၅ | 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း | ၂၆၉၅၄၉.၄ | ၅.၅ | ၂၉၇၅၀၉.၁ | ၅.၅ | ၁၀.၄ |